ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
တိုကျိုမြို့

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးထုတ်ပြန်ချက် (၁)**

မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပ၌ရောက်ရှိနေသော မဲဆန္ဒရှင်များ စနစ်တကျ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် လုပ်ငန်းလမ်းညွှန်နှင့်အညီ ပံ့ပိုး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်၂၀၂၀ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အသီးသီးအလိုက် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း၊ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်တို့အား မကြာမီ ထုတ်ပြန်ကြေညာသွားရန် ရှိပါသည်။ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေသည့်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့် ပုံစံ(၁၅)ကို ဖြည့်စွက်လျက် မြန်မာသံရုံးသို့ ပြန်လည်ပေးပို့သွားရန် ရှိမည် ဖြစ်ပါသည်။ ကော်မရှင်မှ ရွေးကောက်ပွဲများ ကျင်းပမည့် နေ့ရက် ထုတ်ပြန်ပြီးသည့်အခါ ပုံစံ(၁၅)များကို ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍၊ ဂျပန်နိုင်ငံရောက် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံးမှ အဆင်ပြေချောမွေ့စွာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အောက်ပါအချက်အလက်များကို election2020@myanmar-embassy-tokyo.net သို့ ၃၁-၇-၂၀၂၀ ရက်(သောကြာနေ့) နောက်ဆုံးထားရှိပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(က) အမည် (မြန်မာ/အင်္ဂလိပ်) -
(ခ) အမြဲတမ်းနေရပ်လိပ်စာ (မြန်မာနိုင်ငံ) -
(ဂ) လက်ရှိနေရပ်လိပ်စာ(ဂျပန်နိုင်ငံ) -
(ဃ) ဆက်သွယ်နိုင်သည့် email -
(င) လက်ကိုင်ဖုန်းအမှတ် -

မြန်မာသံရုံးအနေဖြင့် ၂၀၂၀ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက် အသိပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာသံရုံး**
**တိုကျိုမြို့။**

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်။